# Network for Democracy and Development
## Documentation and Research Department

P.O Box 179, Mae Sod,Tak, 63110,Thailand.  Tel : 66 81 7241281. E-mail : ndddrd07@csloxinfo.com

## အပါတ်စဉ် ပြည်တွင်းသတင်း သုံးသပ်ချက်
## အမှတ်စဉ် (၃၂၄)

### “ဗိုလ်သန်းရွှေလမ်းစဉ်ကို ရွေးမလား၊ ဒေါ်အောင်ဆန်းစုကြည်လမ်းစဉ်ကို ရွေးမလား”

နအဖစစ်အစိုးရက သူတို့ရဲ့စစ်အာဏာရှင်စနစ်ကို တရားဝင်အတည်ဖြစ်စေဖို့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ အခြေခံမှုတွေ ရေးဆွဲချမှတ်ရာမှာ တိုင်းရင်းသားအပစ်ရပ်အဖွဲ့တွေကို ပါးပါးနပ်နပ်နဲ့ အသုံးချခဲ့သလို၊ အခုလည်း မကြာခင် ကျင်းပပြုလုပ်မဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲနဲ့ ၂၀၁၀ ခုနှစ် အထွေထွေရွေးကောက်ပွဲတွေမှာလည်း အပစ်ရပ် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေအားလုံး သူတို့နဲ့အတူ ပူးပေါင်းပါဝင်ကြဖို့ နအဖက နည်းအမျိုးမျိုးနဲ့ စည်းရုံးသိမ်းသွင်းမှုတွေ ပြုလုပ်နေတာတွေ့ရပါတယ်။

နအဖက သူတို့ရဲ့ကြေညာချက် ၁/၂၀၀၈ နဲ့ ၂/၂၀၀၈ တို့ကို မထုတ်ပြန်မီ နှစ်ပတ်အလို ဇန်နဝါရီလကုန်ပိုင်းလောက်ကစပြီး စရခ ခေါ် တပ်မတော်စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့် ခေါင်းဆောင်တဲ့အဖွဲ့နဲ့ တချိန်က ပြည်သူ့ဆက်ဆံရေးနဲ့စိတ်ဓါတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးတာဝန်ကို ထမ်းဆောင်ခဲ့ဘူးတဲ့ ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့် ဦးဆောင်တဲ့အဖွဲ့တွေဟာ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နဲ့ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေတွေမှာရှိတဲ့ တိုင်းရင်းသားအပစ်ရပ်အဖွဲ့တွေထံကို သွားရောက်တွေ့ဆုံခဲ့ပြီး စည်းရုံးတာတွေ ပြုလုပ်ခဲ့ပါတယ်။ အလားတူ အမှတ် (၁)၊ (၂)၊ (၃)၊ (၄) စစ်ဆင်ရေးအထူးအဖွဲ့မှူးတွေနဲ့ သက်ဆိုင်ရာ စစ်တိုင်းမှူးတွေကလည်း သူတို့နယ်မြေအသီးသီးမှာရှိတဲ့ အပစ်ရပ်၊ လက်နက်ချ၊ အသွင်ပြောင်း တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့တွေနဲ့တွေ့ဆုံပြီး စည်းရုံးသိမ်းသွင်းတာတွေ ပြုလုပ်ခဲ့ကြပါတယ်။

အခုလို နအဖဗိုလ်ချုပ်တွေ လူခွဲပြီး အပစ်ရပ်နယ်မြေတွေကို တိုးတိုးတိတ်တိတ် သွားရောက်စည်းရုံးနေကြတာဟာ သူတို့ရဲ့ နိုင်ငံရေးလမ်းပြမြေပုံပါ အဓိကအရေးအကြီးဆုံးအပိုင်းဖြစ်တဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမူကြမ်းကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲနဲ့ အတည်ပြုနိုင်ဖို့အရေးမှာ တိုင်းရင်းသားအပစ်ရပ်အဖွဲ့တွေက သူတို့ကို ထောက်ခံကူညီမှုမပြုပဲ မြန်မာ့ဒီမိုကရေစီအင်အားစုတွေနဲ့အတူ ပူးပေါင်းကန့်ကွက်လာမှာကို အထူးစိုးရိမ်ပူပမ်နေလို့ ဖြစ်ပါတယ်။ တိုင်းရင်းသား အပစ်ရပ်အဖွဲ့တွေနဲ့ ဒီမိုကရေစီအင်အားစုတွေ ဆက်စပ်ပူးပေါင်းမိသွားမှာကို စစ်အစိုးရက အစိုးရိမ်ဆုံး ဖြစ်ပါတယ်။ ဒါကြောင့်လည်း အပစ်အခတ်ရပ်စဲကြဖို့ တွေ့ဆုံဆွေးနွေးခဲ့ကြစဉ်ကတည်းက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အပါအဝင် နိုင်ငံရေးပါတီတွေနဲ့ လုံးဝ အဆက်အသွယ်မပြုလုပ်ဖို့ နဝတက ကန့်သတ်တားမြစ်ထားခဲ့တာ ဖြစ်ပါတယ်။ ဒါပေမဲ့ လွန်ခဲ့တဲ့နှစ်ကုန်ပိုင်းလောက်ကစပြီး အင်အားကြီး အပစ်ရပ်အဖွဲ့တချို့ဟာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ထောက်ခံတဲ့ အရိပ်အယောင်တွေ စတင်ပြသလာတဲ့အတွက် နအဖ ဗိုလ်ချုပ်တွေဟာ ငါးရံ့ပြာလူးသလို ဖြစ်ခဲ့ကြပါတယ်။

လွန်ခဲ့တဲ့နှစ် နိုဝင်ဘာ(၈)ရက်နေ့မှာ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ရဲ့ အထူးကိုယ်စားလှယ် မစ္စတာ ဂမ်ဘာရီ ကတဆင့် ထုတ်ပြန်ခဲ့တဲ့ ဒေါ်အောင်ဆန်းစုကြည်၏ ကြေညာချက်ကို ကန့်ကွက်ရှုတ်ချဖို့ နအဖက အပစ်ရပ်အဖွဲ့တွေကို ဖိအားပေးခဲ့စဉ်က အပစ်ရပ်အဖွဲ့၊ လက်နက်ချအဖွဲ့နဲ့ အသွင်ပြောင်းအဖွဲ့ပေါင်း (၃၇)ဖွဲ့က နာခံပြီး ကြေညာချက်တွေ အသီးသီး ထုတ်ပြန်ပေးခဲ့ကြပေမဲ့ အင်အားကြီးအပစ်ရပ်အဖွဲ့တစ်ခုဖြစ်တဲ့ မွန်ပြည်သစ်ပါတီက ကန့်ကွက်ခြင်းမပြုတဲ့အပြင် ဒေါ်အောင်ဆန်းစုကြည်ရဲ့ ကြေညာချက်ကို ကြိုဆိုထောက်ခံခဲ့တာ တွေ့ရပါတယ်။ အင်အားအကြီးဆုံး အပစ်ရပ်အဖွဲ့တစ်ခုဖြစ်တဲ့ ဝပြည်သွေးစည်းညီညွတ်ရေးတပ်မတော် **(UWSA)** နဲ့ သူ့ရဲ့မဟာမိတ်တွေဖြစ်ကြတဲ့ ကိုးကန့်အဖွဲ့ ခေါ် မြန်မာနိုင်ငံလူမျိုးစုများ

ဒီမိုကရေစီမဟာမိတ်တပ်ပေါင်းစု **(MNDA)**၊ (အခါအဖွဲ့) ခေါ် ရှမ်းပြည်နယ်အရှေ့ပိုင်း ဒီမိုကရေစီမဟာမိတ်အဖွဲ့ **(NDAA)** တို့ကတော့ နအဖ ဖိအားပေးတာကို လက်မခံပဲ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ကြေညာချက်ကို ကန့်ကွက်ရှုတ်ချတာတွေလုပ်ဖို့ ငြင်းဆိုခဲ့ကြတယ်။ အလားတူ ကချင်လွတ်မြောက်ရေးအဖွဲ့ **(KIO)** ကလည်း ဒေါ်အောင်ဆန်းစုကြည်ရဲ့ ကြေညာချက်ကို ကန့်ကွက်ရှုတ်ချတာမျိုး မလုပ်ခဲ့ပါဘူး။ **(KIO)** အဖွဲ့ရဲ့ (၁၅)ကြိမ်မြောက် ဗဟိုကော်မတီ စုံညီအစည်းအဝေးအပြီး အောက်တိုဘာ (၂၀)ရက်နေ့ ရက်စွဲနဲ့ ထုတ်ပြန်ခဲ့တဲ့ကြေညာချက်မှာ တိုင်းရင်းသားတွေတောင်းဆိုထားတဲ့အချက်တွေ ပါအောင် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမှာ ထည့်သွင်းရေးဆွဲပေးဖို့နဲ့ ကုလသမဂ္ဂက အကြံပြုတိုက်တွန်းထားတဲ့ မြန်မာ့နိုင်ငံရေး အကျပ်အတည်းတွေကို တွေ့ဆုံဆွေးနွေးပြီး ဖြေရှင်းသွားရေးဆိုတဲ့အချက်နဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံက အကြံပြုထားတဲ့ မြန်မာနိုင်ငံမှာ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ငြိမ်းချမ်းတည်ငြိမ်မှုရရှိရေးအတွက် ညင်သာသိမ်မွေ့စွာ ဖြေရှင်းသွားကြရေး၊ ဆိုတဲ့အချက်တွေကို ကြိုဆိုထောက်ခံကြောင်း ဖော်ပြထားတာ တွေ့ရပါတယ်။

ဒီလို အင်အားကြီး အပစ်ရပ်အဖွဲ့တွေအနက် တချို့က ဒေါ်အောင်ဆန်းစုကြည်ရဲ့ ကြေညာချက်ကို ပြောင်ပြောင်တင်းတင်း ထောက်ခံသူကထောက်ခံ၊ သွယ်ဝိုက်ပြီး ထောက်ခံသူကထောက်ခံ၊ ဘာမှမပြောပေမဲ့ ကန့်ကွက်ရှုတ်ချဖို့ ငြင်းသူကငြင်း၊ လုပ်လာကြတဲ့အပေါ် နအဖဗိုလ်ချုပ်တွေအတွင်းမှာ စိုးရိမ်စိတ်တွေ ဖြစ်ပေါ်လာခဲ့ကြပါတယ်။ ဒါ့အပြင် ဒေါ်အောင်ဆန်းစုကြည်က သူ့ရဲ့ ကြေညာချက်အပေါ် နားလည်မှုလွဲနေသေးတဲ့ တိုင်းရင်းသားအင်အားစုတွေရှိရင် အချိန်မရွေး လာရောက်ဆွေးနွေးဖို့ ထပ်မံ ကမ်းလှမ်းလိုက်တာဟာလည်း အကြောက်လွန်နေတဲ့ နအဖ ဗိုလ်ချုပ်တွေကို ဖြဲခြောက်လိုက်သလို ဖြစ်သွားစေခဲ့ပါတယ်။

အခုလည်း နအဖရဲ့ ဖေဖော်ဝါရီလ(၉)ရက်နေ့ ကြေညာချက်တွေကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အပါအဝင် တိုင်းရင်းသား နိုင်ငံရေးပါတီတွေ၊ တိုင်းရင်းသားတော်လှန်ရေးအင်အားစုတွေ၊ ပြည်တွင်းပြည်ပ မြန်မာ့ဒီမိုကရေစီအင်အားစုတွေနဲ့ နိုင်ငံတကာက အပြင်းအထန် ဆန့်ကျင်ကန့်ကွက် ရှုတ်ချနေချိန်မှာ အင်အားကြီး အပစ်ရပ်အဖွဲ့တစ်ခုဖြစ်တဲ့ မွန်ပြည်သစ်ပါတီက နအဖရဲ့ကြေညာချက်တွေကို ကန့်ကွက်ရှုတ်ချခဲ့တဲ့အပြင် မွန်ပြည်သူတွေနဲ့ မြန်မာပြည်သူတွေအားလုံး စစ်အစိုးရရဲ့ ပြည်သူ့ဆန္ဒခံယူပွဲကို ဆန့်ကျင်ကန့်ကွက်ကြဖို့ တိုက်တွန်းနိုးဆော်ထားတဲ့ ကြေညာချက်တစ်စောင်ကို ဖေဖော်ဝါရီလ(၁၉)ရက်နေ့ ရက်စွဲနဲ့ ဦးဆောင်ထုတ်ပြန်ခဲ့တာ တွေ့ရပါတယ်။ တခြားအပစ်ရပ်အဖွဲ့ကြီးတစ်ခုဖြစ်တဲ့ ကချင်လွတ်မြောက်ရေးအဖွဲ့ **(KIO)**ကလည်း စစ်အစိုးရရဲ့ကြေညာချက်တွေကို ထောက်ခံကြိုဆိုပေမဲ့ မေလပြည်လုံးကျွတ်ဆန္ဒခံယူပွဲနဲ့ ၂၀၁၀ခုနှစ် အထွေထွေရွေးကောက်ပွဲတွေမှာ မြန်မာပြည်သူအားလုံးရဲ့ဆန္ဒတွေကို လွတ်လွတ်လပ်လပ်နဲ့ တရားမျှတမှုရှိရှိ ဖော်ထုတ်ပြသခွင့်ရရှိဖို့ လိုအပ်ကြောင်း၊ ဖေဖော်ဝါရီလ(၂၀)ရက်နေ့မှာ ကြေညာချက်တစ်စောင်ကို ထုတ်ပြန်ခဲ့တာ တွေ့ရပါတယ်။

**(KIO)** အဖွဲ့ရဲ့ ထုတ်ပြန်ကြေညာချက်တွေဟာ မပြတ်မသားနဲ့ လှေနံနှစ်ဖက်နင်းထားသလို ဖြစ်နေပေမဲ့ သူတို့မှာလည်း သူတို့အခက်အခဲနဲ့သူတို့ ရှိနေကြမှာမို့ မရဲသော်လည်း ကျဲပြဲစီးပြနေရတာကို အကောင်းမြင်ပေးကြဖို့ လိုပါလိမ့်မယ်။

နအဖအနေနဲ့ သူတို့ရဲ့ ကြေညာချက်တွေအပေါ် ပြည်တွင်းပြည်ပက ဝိုင်းဝန်းကန့်ကွက် ဆန့်ကျင်ရှုတ်ချနေတာကို ကြံ့ဖွံ့တွေ ဦးဆောင်တဲ့ လူစုလူဝေး အော်ဟစ်ပွဲကြီးတွေနဲ့ လက်တုန့်ပြန်ဖို့ စီစဉ်နေပါတယ်။ နအဖရဲ့ကြေညာချက် ကြိုဆိုထောက်ခံပွဲတွေကို ကြံ့ဖွံ့တွေနဲ့ သူတို့ရဲ့မိတ်ဖက်အဖွဲ့အစည်းတွေက ဦးဆောင်ပြီး လာမဲ့မတ်လအတွင်း တစ်ပြည်လုံးမှာ ကျင်းပပြုလုပ်ကြဖို့ နအဖက ညွှန်ကြားထားပါတယ်။ (ဧပြီလရောက်မှ ဝင်ရောက်ခွင့်ပေးမယ်ဆိုတဲ့ မစ္စတာဂမ်ဘာရီရဲ့ မြန်မာနိုင်ငံခရီးစဉ်ကို စောပြီး မတ်လအတွင်းမှာ လာခွင့်ပြုဖို့ နအဖက အရိပ်အယောင်ပြသလာတာဟာ တစ်ချက်ခုတ်နှစ်ချက်ပြတ်ဆိုသလို ကုလသမဂ္ဂနဲ့ နိုင်ငံတကာရဲ့ တောင်းဆိုချက်တွေကို အလေးထား လိုက်လျောရာလည်းရောက်၊ သူတို့ရဲ့ကြေညာချက်ကို တစ်နိုင်ငံလုံးမှာရှိတဲ့ ပြည်သူလူထုက ခြိမ့်ခြိမ့်သဲသဲ ကြိုဆိုထောက်ခံကြောင်း မစ္စတာဂမ်ဘာရီကို ပြသရာလည်းရောက်အောင် လုပ်ဖို့ ဖြစ်နိုင်ပါတယ်။)

နိုင်ငံရေးပြဿနာတွေကို နိုင်ငံရေးအရတွေ့ဆုံဆွေးနွေးတဲ့နည်းနဲ့ အဖြေရှာနိုင်မယ်ထင်ပြီး နအဖနဲ့ အပစ်ရပ်ခဲ့ကြတဲ့ တိုင်းရင်းသား လက်နက်ကိုင်အင်အားစုတွေဟာ "နာလည်းနာသေး၊ နံလည်းနံသေး" ဆိုတဲ့အဖြစ်မျိုးနဲ့ ရင်ဆိုင်နေကြရပါတယ်။ နိုင်ငံရေးအရ တန်းတူရည်တူ တွေ့ဆုံဆွေးနွေးခွင့်မရတဲ့အပြင် စစ်အာဏာရှင်စနစ်ကို တရားဝင်ဖြစ်အောင် အခြေခံမူတွေ ရေးဆွဲချမှတ်တဲ့နေရာမှာလည်း ပါခဲ့ကြရသလို၊ အခုလည်း အဲဒီအခြေခံမူတွေအပေါ်မှာ ရေးဆွဲထားပါတယ်ဆိုတဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို အတည်ပြုပေးရမဲ့အဆင့်အထိပါဝင်ဖို့ အတင်းအကျပ် ခြိမ်းခြောက်ခိုင်းစေတာကို ခံနေကြရပြန် တာ တွေ့ရပါတယ်။

၁၉၈၈ခုနှစ် စက်တင်ဘာလမှာ အာဏာသိမ်းတက်လာခဲ့တဲ့ နဝတစစ်အစိုးရက လက်နက်ကိုင်တော်လှန်ရေး အင်အားစုတွေကို ရှင်းလင်းချေမှုန်းပစ်ဖို့ ကြိုးပမ်းအားထုတ်ခဲ့ရာမှာ ၁၉၄၈–၅၈ ဖဆပလ အစိုးရလက်ထက်၊ ၁၉၅၈–၅၉ အိမ်

စောင့် အစိုးရလက်ထက်၊ ၁၉၆၀–၆၂ ပထစ အစိုးရလက်ထက်၊ ၁၉၆၂–၈၈ တော်လှန်ရေးကောင်စီနဲ့ မဆလစစ်အစိုးရ လက်ထက်တွေမှာလို လက်နက်ချဖို့၊ လက်နက်ဖြုတ်သိမ်းဖို့ကို အဓိကမထားပဲ လက်နက်ကိုင်လမ်းစဉ် စွန့်လွှတ်ကြောင်းကိုသာ တရားဝင်ကြေညာပြီး ဥပဒေဘောင်အတွင်းဝင်ရောက်ကာ သူတို့နဲ့အတူ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေကို အတူလက်တွဲ လုပ်ဆောင်ဖို့ဆိုတဲ့ နည်းဗျူဟာသစ်ကို ပြောင်းလဲကျင့်သုံးခဲ့တာကြောင့် တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေးအင်အားစု အများအပြားဟာ စစ်အစိုးရရဲ့ ထောင်ချောက်ကို မမြင်တော့ပဲ (တချို့ကတော့ မြင်မြင်၊ သိသိကြီးနဲ့) တစ်ဖွဲ့ပြီးတစ်ဖွဲ့ နအဖနဲ့ ပူးပေါင်းသွားခဲ့ကြတာ ဖြစ်ပါတယ်။

၁၉၈၈ ခုနှစ်ကနေ ၁၉၉၂ ခုနှစ်အတွင်း ဗမာပြည်ကွန်မြူနစ်ပါတီက ခွဲထွက်လာခဲ့ကြတဲ့ ကိုးကန့်တိုင်းရင်းသား အင်အားစု၊ ဝ တိုင်းရင်းသားအင်အားစု၊ ဗကပ တပ်မဟာ(၇၆၈)နဲ့ တပ်မဟာ(၈၁၅)ဒေသမှ ရှမ်း အခါ တိုင်းရင်းသားအင်အားစု၊ **SSA** ရှမ်း တိုင်းရင်းသားအင်အားစု၊ ဗကပ(၁၀၁)စစ်ဒေသမှ ကချင် တိုင်းရင်းသားအင်အားစုတွေအပါအဝင် **PNO** ပအို့ဝ်း တိုင်းရင်းသားအင်အားစု၊ **PSLP** ပလောင် တိုင်းရင်းသားအင်အားစု၊ **KNG** ကယန်း တိုင်းရင်းသားအင်အားစု၊ စတဲ့ တိုင်းရင်းသားလူမျိုးစု လက်နက်ကိုင်အဖွဲ့ (၉)ဖွဲ့ဟာ နဝတ စစ်အာဏာရှင်တွေနဲ့ လက်တွဲခဲ့ကြပါတယ်။

၁၉၉၃ ခုနှစ်ကနေ ၁၉၉၅ ခုနှစ်အတွင်း ကချင်လွတ်မြောက်ရေးအဖွဲ့ **(KIO)**၊ ကရင်နီလူမျိုးပေါင်းစုံလွတ်မြောက်ရေး တပ်ဦး **(KNPLF)**၊ ကယန်းပြည်သစ်ပါတီ **(KNLP)**၊ ရှမ်းပြည်လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့ **(SNPLO)**၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ **(KNPP)**၊ မွန်ပြည်သစ်ပါတီ **(NMSP)**၊ စတဲ့ တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့ (၆)ဖွဲ့တို့ကလည်း နဝတစစ်အစိုးရနဲ့ ထပ်မံ လက်တွဲသွားခဲ့ကြပြန်ပါတယ်။ ဒါပေမဲ့ **(KNPP)** အဖွဲ့ကတော့ စလယ်ဝင် ဖင်မမဲခင် အပစ်ရပ်အပြီး ၃ လလောက်အကြာ ၁၉၉၅ ခုနှစ် ဇွန်လမှာ နဝတ စစ်အစိုးရကို ပြန်လည်တိုက်ခိုက်ခဲ့တာ တွေ့ရပါတယ်။ ၁၉၉၆ ခုနှစ်မှာ ဖေဖေါ်ဝါရီလမှာ ဘိန်းဘုရင် ခွန်ဆာ ခေါင်းဆောင်တဲ့ ရှမ်းပြည်တပ်မတော် **(MTA)** ဟာ နဝတ စစ်အစိုးရနဲ့ အပေးအယူလုပ်ပြီး အကြွင်းမဲ့ လက်နက်ချခဲ့ပါတယ်။ ၁၉၉၇ ခုနှစ် ဇွန်လမှာတော့ ဗကပ (ရခိုင်ပြည်နယ်) အဖွဲ့ လက်နက်ချခဲ့တာ တွေ့ရပါတယ်။

၁၉၈၈ ခုနှစ်ကနေ ၁၉၉၇ ခုနှစ်အထိ နဝတ စစ်အစိုးရထံ ပူးပေါင်း၊ လက်နက်ချသွားတဲ့ လက်နက်ကိုင်အဖွဲ့(၁၇)ဖွဲ့ ရှိခဲ့ပေမဲ့ **(KNPP)** အဖွဲ့က ပြန်တိုက်တဲ့အတွက် နအဖနဲ့ ပူးပေါင်းတဲ့အဖွဲ့ (၁၆)ဖွဲ့သာရှိတယ်လို့ ဆိုနိုင်ပါတယ်။ နဝတ၊ နအဖ စစ်အာဏာရှင်တွေဟာ အပစ်မရပ်ပဲ လက်နက်ကိုင်တိုက်ခိုက်နေဆဲ **KNU, KNPP, SSA**(တောင်ပိုင်း) တို့လို တိုင်းရင်းသား လက်နက်ကိုင်အင်အားစုတွေကိုသာ နည်းမျိုးစုံနဲ့ စည်းရုံးဖြိုခွဲခဲ့တာမဟုတ်ပဲ သူတို့နဲ့အပစ်ရပ်ထားတဲ့ တိုင်းရင်းသားအဖွဲ့တွေကိုလည်း နည်းမျိုးစုံနဲ့ စည်းရုံးဖြိုခွဲခဲ့ကြတဲ့အပြင် တချို့အဖွဲ့ငယ်တွေကို လက်ရဲဇက်ရဲ နဲ့ လက်စတုံး သုတ်သင်ရှင်းလင်းပစ်ခဲ့တာတွေ ရှိခဲ့ပါတယ်။ စစ်အာဏာရှင်တွေကို ပူးသတ်ဖို့အတွက် အပစ်ရပ်တာပါလို့ ဆင်ခြေပေးခဲ့တဲ့အဖွဲ့ တချို့ဟာလည်း အခုတော့ စစ်အာဏာရှင်တွေရဲ့ ပူးသတ်တာကိုသာ မရှုမလှခံနေကြရပြီး အစိတ်စိတ်အမွှာမွှာ ပြိုကွဲနေကြတာကို တွေ့ရပါတယ်။

ဒီမိုကရက်တစ် ကရင်ဗုဒ္ဓဘာသာတပ်မတော် **(DKBA)**၊ ဘုရားကုန်းအထူးဒေသ ငြိမ်းချမ်းရေးအဖွဲ့၊ ဟောင်သရော ငြိမ်းချမ်းရေးအဖွဲ့၊ သံတောင်မြို့နယ်အထူးဒေသ ငြိမ်းချမ်းရေးအဖွဲ့၊ သံတောင်မြောက်ပိုင်းအထူးဒေသ ငြိမ်းချမ်းရေးအဖွဲ့၊ ကရင်နီအမျိုးသား ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးရေးပါတီ **(KNPDP)**၊ ကရင်နီအမျိုးသား ဒီမိုကရက်တစ်ပါတီ **(KNDP)**၊ ကရင်နီအမျိုးသား စည်းလုံးညီညွတ်ရေးအဖွဲ့ (မော်ချီးဒေသ)၊ ဆိုတဲ့ **KNU** နဲ့ **KNPP** တို့က ဖဲ့ထုတ်စည်းရုံးထားတဲ့ အပစ်ရပ်အဖွဲ့တွေအပြင် နအဖနဲ့အပစ်ရပ်ထားတဲ့ အဖွဲ့တွေကနေ ခွဲထုတ်၊ ဖဲ့ထုတ် စည်းရုံးခဲ့တဲ့ ရှမ်းပြည်အမျိုးသားတပ်မတော် တပ်မဟာ(၁၉)၊ ရှမ်းပြည်အမျိုးသားတပ်မတော် တပ်မဟာ(၁၁)၊ ရှမ်းပြည်အမျိုးသားတပ်မတော် တပ်မဟာ(၆)၊ ရှမ်းပြည်အမျိုးသားတပ်မတော် (ခွဲထွက်) ဝမ်ယိန်း မိသားစုအဖွဲ့၊ ရှမ်းပြည်အမျိုးသားတပ်မတော် (ခွဲထွက်) မိုင်းယွန်းအဖွဲ့၊ ရှမ်းပြည်တပ်မဟော် တပ်မဟာ (၇၅၈)၊ ပအို့ဝ်းဒေသ တိုင်းရင်းသားများစည်းလုံးညီညွတ်ရေးအဖွဲ့ **(PNLO)**၊ ပအို့ဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ **(PNLO)**၊ **KIO** ခွဲထွက် ဦးလဆန်အောင်ဝါ အဖွဲ့၊ တို့အပြင် တခြား အဖွဲ့ငယ်လေးတွေလည်း ရှိနေတာကို တွေ့ရပါတယ်။

ခွန်ဆာရဲ့ **(MTA)** အဖွဲ့နဲ့ ဗကပအဖွဲ့တွေကနေ ခွဲထွက်၊ ပဲ့ထွက်သွားခဲ့တဲ့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ငယ်လေးတွေ အများအပြားကိုလည်း နအဖက သောင်းကျန်းသူဆန့်ကျင်ရေးအဖွဲ့၊ ပြည်သူ့စစ်အဖွဲ့၊ ရဲအဖွဲ့၊ ဘာအဖွဲ့ညာအဖွဲ့၊ စတဲ့ အမည်မျိုးစုံနဲ့ လက်နက်ကိုင်ဆောင်ခွင့်အပါအဝင် မူးယစ်ဆေးဝါး ထုတ်လုပ်ရောင်းချခွင့်တွေပေးပြီး တိုင်းရင်းသားအချင်းချင်း သွေးခွဲထိန်းချုပ်နိုင်အောင် အစီအစဉ်ရှိရှိ ဆက်လက်မွေးမြူထားတာကို တွေ့ရပါတယ်။ ရွှေပြည်အေး ခေါ် **MTA** တပ်ဖွဲ့ဝင်ဟောင်းမိသားစုများ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့၊ **MTA** မတ်ကျန်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့၊ နာရိုင်းဒေသဖွံ့ဖြိုးရေးနှင့် ဘဝသစ်ထူထောင်ရေးအဖွဲ့၊ ကွတ်ခိုင်ပြည်သူ့စစ် (ဌာနေ)အဖွဲ့၊ မန်ပန်ပြည်သူ့စစ် (ဌာနေ)အဖွဲ့၊ အုမ်းစွမ်ပြည်သူ့စစ် (ဌာနေ)

အဖွဲ့၊ တာမိုးညဲပြည်သူ့စစ် (ဌာနေ)အဖွဲ့၊ လုံထန်ပြည်သူ့စစ် (ဌာနေ)အဖွဲ့၊ ရှောက်ဟော်ပြည်သူ့စစ် (ဌာနေ)အဖွဲ့၊ ပန်ဆေး ပြည်သူ့စစ် (ဌာနေ)အဖွဲ့၊ မုံးဟင်–မုံးဟပြည်သူ့စစ် (ဌာနေ)အဖွဲ့၊ မုံးကိုးပြည်သူ့စစ် (ဌာနေ)အဖွဲ့၊ ဖောင်းဆိုင်ပြည်သူ့စစ် (ဌာနေ)အဖွဲ့၊ ပိန်းဆာ(လားဟူ) ပြည်သူ့စစ် (ဌာနေ)အဖွဲ့၊ မိုင်းကောင် အထူးတိုက်ခိုက်ရေးရဲတပ်ဖွဲ့၊ ကွမ်းလုံ အထူးတိုက်ခိုက်ရေးရဲတပ်ဖွဲ့၊ ဆိုတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ငယ်ပေါင်းများစွာ တွေ့နိုင်ပါတယ်။

တချိန်က အင်္ဂလိပ်နယ်ချဲ့တွေက မြန်မာပြည်ကို သွေးခွဲအုပ်ချုပ်ခဲ့သလို အခုလည်း စစ်အာဏာရှင်အဆက်ဆက်က တိုင်းရင်းသားတွေကို သွေးခွဲအုပ်ချုပ်နေတာ ထင်ရှားပါတယ်။ တိုင်းရင်းသားအားလုံး စစ်အာဏာရှင်စနစ်အောက်က လွတ်မြောက်ဖို့၊ အချင်းချင်း သွေးခွဲခံနေရမှုက လွတ်မြောက်ဖို့အတွက် မြန်မာလူမျိုးတွေအပါအဝင် အဖိနှိပ်ခံ တိုင်းရင်းသားအားလုံး ဒီအချိန်မှာ စုစည်းညီညွတ်ကြဖို့ အရေးကြီးဆုံးအချိန်ကို ရောက်ရှိလာနေကြပြီဖြစ်ပါတယ်။

ဗိုလ်သန်းရွှေခေါင်းဆောင်တဲ့ နအဖစစ်အာဏာရှင်တွေက ဒီမိုကရေစီစနစ်အမည်ခံ၊ ပြည်ထောင်စုအမည်ခံ၊ စစ်အာဏာရှင် တစ်ပြည်ထောင်စနစ်ကို ရာသက်ပန် တရားဝင်ကျင့်သုံးနိုင်ဖို့ အပြင်းအထန် ကြိုးပမ်းအားထုတ်နေကြတာကို တိုင်းရင်းသားအဖွဲ့အစည်းအားလုံး ထင်ထင်ရှားရှား မြင်တွေ့နိုင်သလို ဒေါ်အောင်ဆန်းစုကြည် ခေါင်းဆောင်တဲ့ ဒီမိုကရေစီအင်အားစု တွေကလည်း နိုင်ငံသားတိုင်း တန်းတူညီမျှ အခွင့်အရေးတွေ ရရှိကြပြီး ရေရှည်တည်တန့်ခိုင်မြဲတဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ငြိမ်းချမ်းရေးနဲ့ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးတွေကို အာမခံချက်ပေးနိုင်တဲ့ စစ်မှန်တဲ့ ဒီမိုကရက်တစ် ဖက်ဒရယ်ပြည်ထောင်စု ကြီးတည်ဆောက်နိုင်ရေးအတွက် ဘဝတွေ၊ အသက်တွေ ပေးဆပ်ပြီး အပြင်းအထန် ကြိုးပမ်းအားထုတ်နေကြတာကို တွေ့ မြင်နိုင်ကြပါတယ်။

အပစ်ရပ်အဖွဲ့တွေအပါအဝင် တိုင်းရင်းသားအဖွဲ့အစည်းအားလုံးအနေနဲ့လည်း ဒီတိုက်ပွဲမှာ လေှနံနှစ်ဖက်နင်းထားပြီး သာရာဖက်မှာ ချော်လဲရောထိုင်လုပ်လို့ မရနိုင်သလို၊ ဘေးက ပွဲကြည့်ပရိသတ် လုပ်နေလို့လည်း မရနိုင်ပါဘူး။ ဒီပွဲဟာ သူ့စည်း ကိုယ့်စည်း၊ သူ့သမိုင်း၊ ကိုယ့်သမိုင်း ရေးကြရမဲ့ အဆုံးအဖြတ်တိုက်ပွဲတစ်ခု ဖြစ်တာကြောင့် ဗိုလ်သန်းရွှေရဲ့လမ်းစဉ်ကို ရွေးမလား၊ ဒေါ်အောင်ဆန်းစုကြည်ရဲ့လမ်းစဉ်ကို ရွေးမလားဆိုတာ ပြတ်ပြတ်သားသား ဆုံးဖြတ်ကြဖို့လိုအပ်နေပြီဖြစ်ကြောင်း သုံးသပ်တင်ပြလိုက်ရပါတယ်။ ။

***End of report/ Sunday, February 24, 2008***

ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု၊ သုတေသနနှင့် မှတ်တမ်းတင်ဌာနမှ ထုတ်ဝေဖြန့်ချိသည်။

***Documentation and Research Department (NDD)***